ဒုံကနိကျေးရွာ
သံဖြူဇရပ်မြို့နယ်၊ မော်လမြိုင်ခရိုင်
မွန်ပြည်နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၇- ၂၀၂၂)

ပြုစုရေးဆွဲသူ
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ဒုံကနိကျေးရွာ၊ သံဖြူဇရပ်မြို့နယ်
(သံဖြူဇရပ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှကူညီရေးဆွဲသည်)

၂၀၁    ခုနှစ်၊            လ

## မာတိကာ


| စဉ် | အကြောင်းအရာ | |
|---|---|---|
| | **စကားချီး** | ၃ |
| | **ဒုံကနိကျေးရွာကျေးရွာသယံဇာတပြမြေပုံ၊ သံဖြူဇရပ်မြို့နယ်** | ၅ |
| ၁။ | **တည်နေရာနှင့် ပထဝီဝင် အနေအထား** | ၆ |
| ၂။ | **ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ** | ၆ |
| ၃။ | **ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ** | ၆ |
| ၄။ | **စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ** | ၇ |
| | (က) သီးနှံ စိုက်ပျိုးရေး | ၇ |
| | (ခ) မွေးမြူရေးလုပ်ငန်း | ၇ |
| | (ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ | ၇ |
| | (ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု | ၈ |
| ၅။ | **အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ** | ၈ |
| | (က) ကျေးလက် သယ်ယူပို့ဆောင်ရေး | ၈ |
| | (ခ) ကျေးရွာ မီးလင်းရေး | ၈ |
| | (ဂ) သတင်းနှင့် ဆက်သွယ်ရေး | ၉ |
| ၆။ | **ပညာရေး** | ၉ |
| ၇။ | **ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး** | ၉ |
| ၈။ | **ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး** | ၁၀ |
| ၉။ | **ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ** | ၁၀ |
| ၁၀။ | **ဦးစားပေးဆောင်ရွက်မည့်  အဆိုပြု စီမံချက်လုပ်ငန်းများ** | ၁၁ |
| | | |
| **နောက်ဆက်တွဲ** | | |
| | နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း | ၁၃ |
| | နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ | ၁၄ |
| | နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား | ၅၀ |
| | နောက်ဆက်တွဲ (၄) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၁) | ၅၅ |
| | နောက်ဆက်တွဲ (၅) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၂) | ၅၇ |
| | နောက်ဆက်တွဲ (၆) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၃) | ၅၉ |

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ကျွန်ုပ်တို့ ကျေးရွာ၏ လူထုအများစုပေါင်းပါဝင် ရေးဆွဲထားသည့် ၂၀၁၇/၂၀၁၈ ဘဏ္ဍာရေးနှစ်မှ ၂၀၂၁/၂၀၂၂ ခုနှစ်အထိ (၅) နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများပံ့ပိုး ပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက် အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင် ပေးရုံသာမက နည်းပေးလမ်းပြ ကူညီပံ့ပိုး ပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ် ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး ကဲ့သို့သော ကိန်းဂဏန်းအချက်အလက် ရရှိနိုင်သော နေရာ များမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက် အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ် ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်း အချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက် လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင် သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန စသည့် သက်ဆိုင်ရာ ဦးစီးဌာန အသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှုအခြေပြဇယား၊ နှစ်စဉ်ဦးစားပေးစီမံချက် အဆိုပြုလွှာစသည်တို့ကို အဓိကထား ဖော်ပြထားပါသည်။

**ဧပြီလ ၊ ၂၀၁၁**

**ကျေးရွာဖွံ့ဖြိုးရေးကော်မတီ**
**ဒုံကနီကျေးရွာ**
**သံဖြူဇရပ်မြို့နယ်**

# ဒုံကနီကျေးရွာသယံဇာတမြေပုံ



## ၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

ဒုံကနိကျေးရွာသည် မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ သံဖြူဇရပ်မြို့နယ်၏ ကျုံကရုတ်ကျေးရွာအုပ်စုတွင် တည်ရှိပါသည်။ ကျေးရွာ၏ အရှေ့ဘက်တွင် ဝဲကဝါကျေးရွာ၊ အနောက်ဘက်တွင် စက်စဲကျေးရွာအုပ်စု၊ တောင်ဘက်တွင် မုတ္တမပင်လယ်ကွေ့နှင့် မြောက်ဘက်တွင် သံဖြူဇရပ်မြို့တို့နှင့် နယ်နိမိတ်ချင်း ထိစပ်လျက် ရှိပါသည်။ ကျေးရွာတွင် မွန်တိုင်းရင်းသားလူမျိုးများသာ စုပေါင်းနေထိုင်ကြပါသည်။

## ၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

ကျေးရွာ၏ ရွာသီဥတုမှာ သမပိုင်းရာသီဥတုဖြစ်ပြီး၊ အပူအအေးမျှတမှု ရှိပါသည်။ စိုက်ပျိုးနိုင်သော မြေဧရိယာမှာ ဥယျာဉ်ခြံမြေ (၈၅.၅) ဧက ရှိပါသည်။ ရာဘာခြံလုပ်ငန်း သာအဓိက လုပ်ကိုင်ကြပြီး အိမ်ခြံမြေများတွင်လည်း ဟင်းသီးဟင်းရွက်ပင်များကို အနည်းအကျဉ်း စိုက်ပျိုးကြပါသည်။ မြေဆီလွှာ အရည်အသွေးမှာ အသင့်အတင့် ကောင်းမွန်ပါသည်။

## ၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ကျေးရွာအတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများတွင် ရပ်မိရပ်ဖအဖွဲ့ (ကျား -၃ ဦး)၊ အုပ်ချုပ်ရေးအဖွဲ့ (ကျား - ၇ ဦး) သည် ကျေးရွာ၏ ပညာရေး၊ ကျန်းမာရေး၊ ဘာသာရေး၊ သာရေးနာရေး၊ လူမှုဖွံ့ဖြိုးရေးလုပ်ငန်းများတွင် စည်းရုံး လုပ်ဆောင်နေကြပါသည်။ လူငယ်ပရဟိတအဖွဲ့ (ကျား - ၂၀ ဦး + မ - ၁၃ ဦး) နှင့် နာရေးကူညီမှုအဖွဲ့ (ကျား- ၁၀ ဦး + မ - ၁၂ ဦး) တို့သည် ကျေးရွာ၏ သာရေးနာရေး၊ လူမှုဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အားတက်သရော စုပေါင်းလုပ်ဆောင်နေကြပါသည်။ အမျိုးသမီးရေးရာအဖွဲ့ (မ - ၃ ဦး)၊ ကျေးရွာ၏ ကျန်းမာရေး၊ လူမှုဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ကြပါသည်။ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ (ကျား - ၄ ဦး + မ - ၅ ဦး) သည် ကျေးရွာစာသင်ကျောင်းရှိ ဆရာ/ဆရာမများနှင့် ပူးပေါင်း၍ ကျေးရွာ၏ ပညာရေးကဏ္ဍ တိုးတက်လာစေရေးအတွက် လုပ်ဆောင်လျှက် ရှိပါသည်။ ကျောင်းဂေါပကအဖွဲ့ (ကျား - ၁၂ ဦး + မ - ၁၄ ဦး) သည် ကျေးရွာ၏ ဘာသာရေး၊ သာရေးနာရေး၊ လူမှုဖွံ့ဖြိုးရေး စသည့်အပိုင်းတို့တွင် ပါဝင်ဆောင်ရွက်နေကြပါသည်။

ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများသည် တစ်ဖွဲ့နှင့် တစ်ဖွဲ့ စုစည်းညီညာစွာဖြင့် ကျေးရွာဖွံ့ဖြိုးရေး အတွက်အားတက်သရော စုပေါင်းလုပ်ဆောင်နေကြပါသည်။ သို့သော်လည်း ဒုံကနိကျေးရွာတွင်ကျေးရွာ ဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

မရှိပါ။

**၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ**

**(က) သီးနှံ စိုက်ပျိုးရေး**

ဒုံကနိကျေးရွာတွင် ၂.၅ ဧကအောက် ဆင်းရဲသားတောင်သူ (၁၇) အိမ်ထောင်စု၊ ၂.၅ဧကမှ ၅ ဧကကြား တောင်သူငယ် (၁၄) အိမ်ထောင်စု၊ ၅ ဧကမှ ၁၂.၅ ဧကကြား တောင်သူလတ် (၂) အိမ်ထောင်စု ရှိကြပြီး အဓိကအားဖြင့် ရာသီဥတုအခြေ စိုက်ပျိုးရေး လုပ်ငန်း လုပ်ကိုင်ကြပါသည်။ မြေယာမဲ့အိမ်ထောင်စုများသည် စုစုပေါင်း အိမ်ထောင်စု (၄၅%)ခန့်ရှိပြီး အများစုသည် နေ့စားကျပန်းနှင့် ပြည်ပတွင် သွားရောက် လုပ်ကိုင် နေကြပါသည်။

ထွက်ကုန် အထွက်တိုးစေရန် သဘာဝမြေဆွေး၊ အော်ဂဲနစ်မြေဩဇာ နှင့် သွင်းအား စုများ၊ ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် အခြားဓာတုဗေဒ သွင်းအားစုများ၊ သီးနှံ မျိုးစေ့များအား မြို့နှင့် အလှမ်းမဝေးသောကြောင့် လွယ်ကူစွာ ဝယ်ယူ ရရှိနိုင်ပါသည်။ သီးနှံ ဈေးကွက်နှင့် ဝန်ဆောင်မှုတွင် ရာဘာဒိုင်များထံသို့ လွယ်ကူစွာ ရောင်းချနိုင်ကြပါသည်။

**(ခ) မွေးမြူရေးလုပ်ငန်း**

ကျေးရွာတွင် နွားမွေးမြူထားသည့် အိမ်ထောင်စု (၅) စုရှိပြီး နွားကောင်ရေ (၂၉) ကောင်၊ ဆိတ်မွေးမြူထားသည့် အိမ်ထောင်စု (၃) စုရှိပြီး ဆိတ်ကောင်ရေ (၁၁၀) ကောင်၊ ဝက်မွေးမြူထားသည့် အိမ်ထောင်စု (၁) စုရှိပြီး ဝက်ကောင်ရေ (၅) ကောင်၊ ကြက်မွေးမြူ ထားသည့် အိမ်ထောင်စု (၂၉) စုရှိပြီး ကြက်ကောင်ရေ (၃၉၇) ကောင်၊ ဘဲမွေးမြူထားသည့် အိမ်ထောင်စု (၇) စုရှိပြီး ဘဲကောင်ရေ (၄၉) ကောင် စသည်ဖြင့် တစ်ပိုင်တစ်နိုင် မွေးမြူရေး ကို လုပ်ကိုင်နေကြပါသည်။

မွေးမြူရေးနှင့်ပတ်သက်သည့် နည်းပညာများနှင့် ကာကွယ်ဆေးထိုးခြင်း ဝန်ဆောင်မှုများ မရှိသဖြင့် ရာသီကူးပြောင်းချိန်တွင် ရောဂါများ ကူးစက်ခံရပြီး ပျက်စီးဆုံးရှုံးမှု အနည်းငယ် ရှိသည့်အပြင် စီးပွားဖြစ်မွေးမြူးရေးလုပ်ငန်း လုပ်ကိုင်မည်ဆိုပါက မွေးမြူရေးနည်းပညာ နှင့် ပတ်သက်သည့် အတွေ့အကြုံ၊ အသိပညာများ အားနည်းကြပါသည်။

**(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ**

ကျေးရွာတွင် စိုက်ပျိုးရေး၊ မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်း လုပ်ကိုင်နေကြသော မိသားစုဝင်များသည် အသက်မွေးဝမ်းကျောင်း နည်းပညာနှင့် အသေးစား/အလတ်စား စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဝန်ဆောင်မှု မရှိသဖြင့် အလုပ်နှင့် လိုက်လျောညီထွေဖြစ်သော အတတ်ပညာများ ကျွမ်းကျင်စွာ တတ်မြောက်မှု မရှိခြင်းတို့ကြောင့် အလုပ်အကိုင် အခွင့်အလမ်း နည်းပါးသဖြင့် အခြားဒေသနှင့် နိုင်ငံရပ်ခြားဒေသတို့တွင် လုပ်ကိုင်သူဦးရေ များပြားသဖြင့် လုပ်သားအင်အား ရှားပါးသည်။

**(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု**

စိုက်ပျိုးရေး၊ မွေးမြူရေး၊ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ကိုင်နေကြသော မိသားစုဝင်များသည် ချေးငွေများ လွယ်ကူစွာ လိုသလောက် မရှိနိုင်ပါ။ ကျေးရွာအတွင်းရှိ ငွေချေးသူများထံမှ တစ်လအတိုးနှုန်း (၅%) ခန့် ချေးယူနေကြရပါသည်။ ထို့ကြောင့် အတိုးနှုန်းသက်သာသော ကာလရှည်ချေးငွေများ ရရှိရန် လိုလားကြပါသည်။

**၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ**

**(က) ကျေးလက် သယ်ယူပို့ဆောင်ရေး**

ကျေးရွာတွင် ထော်လာဂျီ (၁) စီးသာရှိပြီး စက်ဘီး (၃၆)စီး၊ မော်တော်ဆိုင်ကယ် (၆၄) စီး စသည်ဖြင့် သယ်ယူပို့ဆောင်ရေးကဏ္ဍအတွက် အသုံးပြုနေကြပါသည်။

ကျေးရွာတွင် မြေသားလမ်းအမျိုးအစား တစ်မျိုးတည်းသာ ရှိသော်လည်း မြေသားလမ်း၏အောက်ခံ မာကြောခြင်း၊ လမ်းကျယ်ခြင်းကြောင့် ကွန်ကရစ် (သို့) ကတ္တရာလမ်းခင်းမည် ဆိုပါက အခြေအနေကောင်းများစွာ ရှိမည်ကို သိရပါသည်။ မြေသာလမ်းများမှာ မိုးရာသီတွင် အချို့နေရာ၌ ဗွက်ထ၍ နွေရာသီတွင် ဖုန်ထူပါသည်။

ဒုံကနိကျေးရွာတွင် ချဉ်းကပ်လမ်းပေါ်ရှိ ကွန်ကရစ်တံတား (၁)စင်းသာ ရှိ၍ လွန်ခဲ့သောနှစ်များစွာက တည်ဆောက်ခဲ့ခြင်းကြောင့် ပျက်စီးမှုများစွာရှိပြီး ပြုပြင်ရန် လိုအပ်နေပါသည်။ ကွန်ကရစ်တံတား အောက်ခံများလည်း ပျက်စီးနေသည့်အပြင် တစ်နှစ်ပတ်လုံး မဖြစ်မနေ သွားလာသည့်အဓိကလမ်းလည်း ဖြစ်ပါသည်။ ကျေးရွာအနီး ဆားလုပ်ငန်းရှိသောကြောင့် တန်ပိုယာဉ်များ၊ ကုန်တင်ကားများ ဝင်ထွက်သွားလာလျက် ရှိပါသည်။ ကွန်ကရစ်တံတားအခြေအနေမှာ အလွန်အမင်း အန္တရာယ်ရှိနိုင်သောကြောင့် အမြန်ဆုံး ပြုပြင်ရန် လိုအပ်ပါသည်။

**(ခ) ကျေးရွာ မီးလင်းရေး**

ဒုံကနိကျေးရွာတွင် မဟာဓာတ်အားလိုင်းအား ချိတ်ဆက်ထားခြင်း မရှိသောကြောင့် အိမ်ထောင်စု (၁၀)စုမှာ ဆိုလာစနစ်ဖြင့် အသုံးပြုနေကြပြီး ကိုယ်ပိုင် ဒီဇယ်အင်ဂျင်ဖြင့် အသုံးပြုနိုင်သော အိမ်ထောင်စု (၁၂)စု၊ အငှားသုံးစွဲသည့် အိမ်ထောင်စု (၇)စု ရှိပါသည်။ ဒုံကနိကျေးရွာ၏အိမ်ထောင်စုအများစုမှာ ဖယောင်းတိုင်မီးကိုသာ သုံးစွဲကြပါသည်။ မြို့နှင့် နီးသော်လည်း လျှပ်စစ်မီး မရရှိခြင်းကြောင့် ကျောင်းသားများ စာကြည့်ရာတွင် အခက်အခဲ ရှိသဖြင့် လျှပ်စစ်မီး ရရှိရန် လိုအပ်နေပါသည်။

## (ဂ) သတင်းနှင့် ဆက်သွယ်ရေး

ဒုံကနိကျေးရွာတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များအား ဖုန်း၊ ရေဒီယို ၊ တီဗွီ ၊ ဂြိုလ်တုစလောင်း စသည်တို့မှ ရရှိသည့်အပြင် ဖုန်းလိုင်းမှာလည်း အဆင်ပြေ သောကြောင့် ဆက်သွယ်ရေးဆိုင်ရာ အခက်အခဲများ အထူးတလည် မရှိပေ။

## ၆။ ပညာရေး

ဒုံကနိကျေးရွာတွင် မူလတန်းကျောင်း တစ်ကျောင်းသာရှိပြီး အဆောက်အဦ အခြေ အနေ ကောင်းမွန်ပါသည်။ ကျောင်းအိမ်သာ ၊ ဆရာမဝန်ထမ်းအိမ်ရာများ ထပ်မံလိုအပ်ပါ သည်။ မူကြိုအရွယ်ကလေးများမှာ အခြားကလေးများနှင့် ရောနှောထားရသောကြောင့် လုံလောက်စွာ အိပ်စက်ရခြင်း၊ အနားယူရခြင်း၊ အေးချမ်းစွာ သင်ကြားရခြင်း မရှိသော ကြောင့် ကလေးများအတွက် မူကြိုခန်း (၁)ခန်း လိုအပ်ပါသည်။

ကျေးရွာရှိ မူလတန်းကျောင်းတွင် မူလတန်းအဆင့် ပညာရေးကို သင်ကြားနိုင်ပြီး အလယ်တန်းနှင့်အထက်တန်းအဆင့် တက်ရောက်ရန် သံဖြူဇရပ်မြို့သို့ သွားရောက်ရခြင်း မှာ များစွာ အခက်အခဲ ရှိပါသည်။ မိဘများမှာ ရာဘာစိုက်ပျိုးရေးလုပ်ငန်းဖြင့် မအားလပ် ကြသောကြောင့် မိမိရင်သွေးငယ်များအား ကျောင်းသို့ ကြိုပို့ မလုပ်နိုင်ခြင်း၊ မိုးရာသီဖြစ်စေ၊ နွေရာသီဖြစ်စေ ကျောင်းနေကလေးအများစုမှာ မိန်းကလေးများဖြစ်သောကြောင့် စက်ဘီး ဖြင့် သွားလာစေရန်မှာလည်း ဝေးခြင်း၊ လမ်းတစ်လျှောက် လူနေအိမ်များ မရှိဘဲ ရာဘာခြံ များသာ ရှိသောကြောင့် မိဘများ စိတ်မချခြင်း၊ ကျောင်းသားဦးရေ နည်းသောကြောင့် ကျောင်းကြိုပို့ယာဉ် စီစဉ်ရန် ခက်ခဲခြင်း စသည့်အခက်အခဲများစွာ ရှိခြင်းတို့ကြောင့် အချို့မှာ ပညာရေးတစ်ပိုင်းတစ်စဖြင့် ကျောင်းထွက်ခဲ့ရသည်။

ကျေးရွာတွင် စာမတတ်သည့် လူဦးရေအများစုမှာ သက်ကြီးရွယ်အိုများ ဖြစ်ကြပါသည်။ မူလတန်းအဆင့် စာတတ်မြောက်မှု (၄၈.၆) ရာခိုင်နှုန်း၊ အလယ်တန်းအဆင့် စာတတ်မြောက်မှုမှာ (၆.၆၃) ရာခိုင်နှုန်း၊ အထက်တန်းအဆင့် စာတတ်မြောက်မှုနှုန်းမှာ (၆.၆၃) ရာခိုင်နှုန်း၊ အထက်တန်းအဆင့် စာတတ်မြောက်မှုနှုန်းမှ (၄၁.၇) ရာခိုင်နှုန်းနှင့် တက္ကသိုလ်ဘွဲ့ရ (၂)ဦးသာ ရှိပါသည်။

## ၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

ကျေးရွာတွင် ကျန်းမာရေးဦးစီးဌာနမှ နှစ်စဉ်နှစ်တိုင်း ကာကွယ်ဆေးများအား လာရောက်ထိုးပေးလျက်ရှိပါသည်။ ကျေးရွာ ကျေးလက်ကျန်းမာရေးဌာန မရှိသော်လည်း ကျုံကရုတ်ကျေးရွာအုပ်စုတွင် ကျေးလက်ကျန်းမာရေးဌာနခွဲ ရှိပါသည်။ သံဖြူဇရပ်မြို့နှင့် နီးပြီး အလွယ်တကူသွားလာနိုင်သောကြောင့် အရေးပေါ်အခြေအနေတွင် သံဖြူဇရပ်မြို့နယ်ဆေးရုံကြီးသို့ ပို့ဆောင်ပေးနိုင်သဖြင့် ကျန်းမာရေးနှင့် ပတ်သက်သည့် အခက်အခဲများ မရှိပါ။

ကျေးရွာတွင် သောက်သုံးရေများကို လက်တူးတွင်းများဖြင့် အဓိကထား အသုံးပြုကြသော်လည်း နွေရာသီတွင် ရေအလွန်ရှားပါး၍ ရေတွင်းများ ရေခမ်းခြောက်သဖြင့် ကျေးရွာတွင် တစ်နှစ်ပတ်လုံး ရေအသုံးပြုနိုင်ရန် အဝီစိတွင်းများ လိုအပ်နေပါသည်။

ကျေးရွာတွင် သန့်ရှင်းသော အိမ်သာအသုံးပြုနေသော အိမ်ထောင်စု အနည်းငယ်ရှိပြီး အများစုမှာ အငုံးအိမ်သာ သုံးစွဲခြင်းနှင့် မသန့်ရှင်းသော အိမ်သာသုံးစွဲသည့် အိမ်ထောင်စု အနည်းငယ် ရှိပါသည်။

## ၈။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ဒုံကနိကျေးရွာတွင် အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စုများ နှင့် လက်လုပ်လက်စားကျပန်းများ လုပ်ကိုင်သည့် အိမ်ထောင်စုများ အနည်းငယ်ရှိသဖြင့် ၎င်းအိမ်ထောင်စုများသည် သဘာဝဘေးနှင့် စားနပ်ရိက္ခာမဖူလုံသည့် အခြေအနေများ ကြုံတွေ့ပါက အခြားအိမ်ထောင်စုများထက် ပို၍ ထိခိုက်ခံစားရ လွယ်ကူနိုင်ပါသည်။

ဒုံကနိကျေးရွာ၏ အရှေ့ဘက်တွင် သဘာဝဆေးဖက်ဝင် အပင်များနှင့် ကျေးရွာအတွင်း သဘာဝတိရစ္ဆာန်မျိုးစိတ်များ အနည်းငယ်ရှိပါသည်။ ရာဘာခြံ အနီးအနားတွင် နေထိုင်ကြသောကြောင့် နွေရာသီတွင် မီးဘေးအန္တရာယ် အနည်းငယ် စိုးရိမ်ရပါသည်။

## ၉။ ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ

ဒုံကနိကျေးရွာ၏ ကျေးရွာစီမံခန့်ခွဲမှုအပိုင်းတွင် အမျိုးသမီးများ ပါဝင်မှု အားနည်းသော်လည်း ကျေးရွာဖွံ့ဖြိုးမှု လုပ်ဆောင်သည့် လုပ်ငန်းများတွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်ဆောင်ရွက်နေကြောင်း လေ့လာတွေ့ရှိရ ပါသည်။ အမျိုးသမီး အကြမ်းဖက်မှုများ မရှိသော်လည်း အကြမ်းဖက်မှုများတွင် ကာကွယ်ရမည့် တရားနည်းဥပဒေဆိုင်ရာ အသိပညာများ အားနည်းကြပါသည်။

## ၁၀။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ

| ကျေးရွာအုပ်စုအမည် - ကျုံကရုတ် | | | ကျေးရွာအမည် - ဒုံကနီ | |
|---|---|---|---|---|
| စဉ် | ကဏ္ဍ | စီမံချက် ဆိုလိုရင်း | စီမံချက်နှင့်လုပ်ငန်းစဉ်များ | မှတ်ချက် |
| ၁ | ငွေကြေး | အသေးစား | စိုက်ပျိုးရေးလုပ်ငန်းအတွက် အတိုးနှုန်းသက်သာသော ချေးငွေထုတ်ချေးပေးခြင်း။ | |
| ၂ | ငွေကြေး | အသေးစား | အသက်မွေးဝမ်းကျောင်းလုပ်ငန်းပေါ်မူတည်၍ အတိုးနှုန်းနည်းပြီး ကာလရှည် ထုတ်ချေး ပေးနိုင်သည့် ချေးငွေနေရာများနှင့် ချိတ်ဆက်ခြင်း။ | |
| ၃ | ပညာရေး | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ သင်ထောက်ကူ | စာသင်ကျောင်းအုတ်တံတိုင်း (၃၇၉' x ၅') (တံခါး ၁၀')ကာရန်ခြင်း။ | |
| ၄ | ပညာရေး | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ သင်ထောက်ကူ | စာသင်ကျောင်းမျက်နှာကျက် (၉၀' x ၃၀') တပ်ဆင်ခြင်း။ | |
| ၅ | ပညာရေး | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ သင်ထောက်ကူ | ကျောင်းဆရာ/ဆရာမဝန်ထမ်းအိမ်ရာ(သို့)အဆောင် (၁၅' x ၂၀')ဆောက်လုပ်ခြင်း။ | |
| ၆ | ပညာရေး | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ သင်ထောက်ကူ | စာသင်ကျောင်းသုံးပရိဘောဂများ လိုအပ်ခြင်း။ | |
| ၇ | ပညာရေး | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ သင်ထောက်ကူ | ကျောင်းစာကြည့်တိုက်( ၁၂' x၁၀') ဆောက်လုပ်ခြင်း။ | |
| ၈ | ပညာရေး | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ သင်ထောက်ကူ | ကျေးရွာတွင် မူကြိုကျောင်း(၃၀' x ၂၀') ဆောက်လုပ်ခြင်း။ | |
| ၉ | ပညာရေး | အားကစား | ကျောင်းအားကစားကွင်းနှင့် ကျောင်းအားကစားပစ္စည်းလိုအပ်ခြင်း။ | |
| ၁၀ | ပညာရေး | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ သင်ထောက်ကူ | စာသင်းကျောင်းသုံး(၂ခန်းတွဲ)အိမ်သာ တည်ဆောက်ခြင်း။ | |
| ၁၁ | ပညာရေး | - | အလယ်တန်းကျောင်းကြိုပို့ယာဉ် လိုအပ်ခြင်း။ | |
| ၁၂ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | ရွာအဝင်လမ်း(ချဉ်းကပ်လမ်း)အား မြေသားလမ်း (၁၃၅၀၀' x ၁၄')အား ကတ္တရာ လမ်းသို့ အဆင့်မြှင့်တင်ခြင်း။ | |
| ၁၃ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | ကျေးရွာချင်းဆက်လမ်း မြေသားလမ်း(၆၅၀၀' x ၁၂') ကတ္တရာလမ်းခင်းခြင်း။ | |
| ၁၄ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | ရွာအရှေ့ပိုင်း မြေသားလမ်း (၉၀၀' x ၂၂' x ၆") အား ကွန်ကရစ်လမ်းသို့ အဆင့်မြှင့်တင် ခြင်း။ | |

| | | | | |
|---|---|---|---|---|
| ၁၅ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | ရွာအလယ်ပိုင်း မြေသားလမ်း (၈၅၀' x ၂၂' x ၆") အား ကွန်ကရစ်လမ်းသို့ အဆင့်မြှင့်တင် ခြင်း။ | |
| ၁၆ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | ရွာအနောက်ပိုင်းမြေသားလမ်း (၈၅၀' x ၂၂' x ၆") အား ကွန်ကရစ်လမ်းသို့ အဆင့်မြှင့်တင်ခြင်း။ | |
| ၁၇ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | ဆားကွင်းလမ်းမြေသားလမ်း (၁၉၀၀' x ၂၀' x ၆") အား ကွန်ကရစ်လမ်းသို့ အဆင့်မြှင့်တင်ခြင်း။ | |
| ၁၈ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | စာသင်ကျောင်းလမ်းမြေသားလမ်း (၄၀၀' x ၁၆' x ၆") အား ကွန်ကရစ်လမ်းသို့ အဆင့်မြှင့်တင်ခြင်း။ | |
| ၁၉ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | သုသာန်လမ်းမြေသားလမ်း (၁၆၀၀' x ၁၈' x ၆") အား ကွန်ကရစ်လမ်းသို့ အဆင့်မြှင့်တင်ခြင်း။ | |
| ၂၀ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | ချဉ်းကပ်လမ်းပေါ်ရှိ တံတား (၁၉'x ၁၄'x ၈') အား ပြုပြင်ခြင်း။ | |
| ၂၁ | အခြေခံအဆောက်အဦ | အဆောက်အဦ | သုသာန်ဇရပ် ပြန်လည်ပြုပြင်ခြင်း။ | |
| ၂၂ | အခြေခံအဆောက်အဦ | အဆောက်အဦ | ကျေးရွာဘက်စုံသုံးခန်းမ ((၄၅' x ၅၀) တည်ဆောက်ခြင်း။ | |
| ၂၃ | အခြေခံအဆောက်အဦ | အဆောက်အဦ | ကျေးရွာအုပ်ချုပ်ရေးမှူးရုံးခန်း(၁၅' x ၂၀) ဆောက်လုပ်ခြင်း။ | |
| ၂၄ | အခြေခံအဆောက်အဦ | သောက်သုံးရေ | စက်ရေတွင်း+ရေစက်ရုံ+ရေကန် တည်ဆောက်ခြင်း။ | |
| ၂၅ | လူငယ်နှင့်အားကစား | လူငယ့်အခွင့်အလမ်း | လူငယ်အားကစားကွင်းနှင့်အားကစားပစ္စည်းလိုအပ်ခြင်း။ | |
| ၂၆ | လူငယ်နှင့်အားကစား | အမျိုးသမီး | အမျိုးသမီးများအား တရား ဥပဒေဆိုင်ရာအသိပညာပေး ဟောပြောပွဲများစီစဉ်ခြင်း။ | |
| ၂၇ | သယံဇာတနှင့်သဘာဝဝန်းကျင် | ကျန်းမာသန့်ရှင်းရေး | ကျေးရွာရှိ ချောင်းများပြန်လည်တူးဖော်ခြင်း။ | |

နောက်ဆက်တွဲ (၁)

## ဒုံကနီကျေးရွာ၊ ကျုံကရုတ်ကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁ | ဦးဖေယျာဝင်း | ဦးစံထွန်း | ၁၀/မဒန (နိုင်) ၂၃၄၃၀၈ | ၃၉ | ဥက္ကဋ္ဌ | ၀၉၄၅၃၁၅၉၈၄၃ |
| ၂ | ဦးစိုးမိုးအောင် | ဦးထွန်းဝင်း | ၁၀ / သဖရ(နိုင်) ၁၃၄၉၃၈ | ၃၃ | အတွင်းရေးမှူး | |
| ၃ | ဒေါ်တင်တင်မူ | ဦးကွက် | ၁၀ / သဖရ(နိုင်) ၁၂၁၁၄၂ | ၃၃ | ဘဏ္ဍာရေးမှူး | ၀၉၄၄၁၄၂၃၆၇၅ |
| ၄ | ဒေါ်ရီရီမွန် | ဦးဝင်းအောင် | ၁၀ / သဖရ(နိုင်) ၁၅၈၈၂၇ | ၁၉ | စာရင်းကိုင် (၁) | |
| ၅ | ဒေါ်လင်းလင်းဌေး | ဦးဉာဏ်ထိန် | ၁၀ / သဖရ(နိုင်) ၁၅၈၅၁၅ | ၂၄ | စာရင်းကိုင် (၂) | |
| ၆ | ဦးရင် | ဦးရိတ် | ၁၀ / သဖရ(နိုင်) ၀၄၆၁၆၉ | ၆၉ | အဖွဲ့ဝင် | |
| ၇ | ဦးအောင်မြင့် | ဦးဘရုံ | ၁၀ / သဖရ(နိုင်) ၀၄၆၁၅၇ | ၆၀ | အဖွဲ့ဝင် | |
| ၈ | ဦးတိုး | ဦးကြည်လေး | ၁၀ / သဖရ(နိုင်) ၁၀၈၃၀၇ | ၆၀ | အဖွဲ့ဝင် | |
| ၉ | ဦးတင်ထွန်း | ဦးတိုး | ၁၀ / သဖရ(နိုင်) ၀၃၄၀၆၇ | ၅၃ | အဖွဲ့ဝင် | |

## ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

### (၁) ကျေးရွာလူမှုစီးပွားရေး အခြေအနေ

### (က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၆ | ၄ | ၁၀ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅နှစ်အောက်ကလေးငယ် | ၉ | ၉ | ၁၈ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၁၉ | ၁၅ | ၃၄ |
| ၁၀ နှစ်မှ ၁၄ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၂၀ | ၁၃ | ၃၃ |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၁၅၂ | ၁၃၇ | ၂၈၉ |
| ၆၅ နှစ်အထက် | သက်ကြီးရွယ်ကြီး | ၁၂ | ၁၁ | ၂၃ |
| **စုစုပေါင်း** | | **၂၁၈** | **၁၈၉** | **၄၀၇** |
| **စုစုပေါင်း အိမ်ထောင်စု** | | **၆၀** | | |

ရင်းမြစ်…(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ (၃) ဆယ်အိမ်စုဆွေးနွေးပွဲ။

**လေ့လာတွေ့ရှိချက်။** ။ ဒုံကနိကျေးရွာသည် အိမ်ထောင်စု(၆၀)စု၊လူဦးရေ(၄၀၇)ဦး ရှိပါသည်။ ဒုံကနိကျေးရွာတွင် အလုပ်မလုပ်နိုင်သည့် တစ်နှစ်အောက်နို့စို့အရွယ် (၂.၄၅၁%)၊ မူလတန်းကျောင်းသားအရွယ်(၄.၄၂)%၊ အလယ်တန်းကျောင်းသားအရွယ် (၈.၁%)၊ သက်ကြီးရွယ်ကြီး အရွယ် (၂၃.၃၄%) ရှိပါသည်။ ပျမ်းမျှအနေဖြင့် အလုပ်မလုပ်နိုင်သည့် လူဦးရေသည် တစ်ရွာလုံးရှိ လူဦးရေ၏ (၂၈.၉%)ရှိပြီး အလုပ်လုပ်နိုင်သည့်အရွယ် ကျား(၁၅၂)ဦး၊ မ(၁၃၇)ဦး စုစုပေါင်း(၂၈၉)ဦးရှိပြီး တစ်ရွာလုံးလူဦးရေ၏ (၇၁%)ရှိပါသည်။ ပျမ်းမျှ တစ်အိမ်ထောင်လျှင် (၆.၇၈) ဦးနှုန်း ရှိသောကြောင့် ကျေးလက်အိမ်ထောင်စု၏ အမျိုးသားအဆင့် ပျမ်းမျှတစ်အိမ်ထောင် လျှင်(၆)ဦးနှုန်းထက် ပိုမိုနေပါသည်။ ကျေးရွာအတွင်း အလုပ်လုပ်နိုင်သောလူဦးရေ များပြားမှုကြောင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် လူသားအရင်းအမြစ်ကောင်းများအဖြစ် ထောက်ပံ့မှု ပေးနိုင်ပါသည်။

### (ခ) အလုပ်လုပ်နိုင်သူ အင်အား

### (ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| **စိုက်ပျိုးစီးပွား လုပ်ငန်းများ** | | | | | |
| ၁ | **လယ်ယာစိုက်ပျိုးရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂၁ | ၃၆ | ၁ | မြင့်☐လတ်☑နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၃၂ | ၇၃ | ၉၅ | မြင့်☐လတ်☑နိမ့်☐ |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၄ | ၆ | - | မြင့်☐လတ်☐နိမ့်☑ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၃ | **ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊မွေးမြူခြင်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၄ | **သစ်တောလုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | |
| ၅ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၆ | **ထုတ်ကုန်လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၇ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၈ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၉ | **ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများပြင်ဆင်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၁၀ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလုပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း(စက်ချုပ်) | | | ၃ | မြင့်☐လတ်☑နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| ၁၁ | **လက်လီ-လက်ကား ရောင်းဝယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | ၂ | ၄ | မြင့်☐လတ်☑နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | ၂ | မြင့်☐လတ်☐နိမ့်☑ |
| ၁၂ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | - | မြင့်☐လတ်☐နိမ့်☐ |
| ၁၃ | **ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၁၄ | **ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၁၅ | **အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၁၆ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၁၇ | **ပညာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | - | ၁ | မြင့်☐လတ်☐နိမ့်☑ |
| ၁၈ | **ကျန်းမာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | - | ၁ | မြင့်☐လတ်☐နိမ့်☑ |
| ၁၉ | **လူမှုရေး လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၂၀ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | ☒ |
| | အလုပ်သမား / ကျပန်း | ၂ | ၁ | ၇ | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| | / ရာသီအလိုက် အလုပ်သမား | | | | |
| ၂၁ | **ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | **စုစုပေါင်း** | ၆၀ | ၁၁၈ | ၁၁၄ | ☒ |

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**မှတ်ချက်။** ။**"အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူများ"**အရေအတွက်တွင်**"မိသားစုဝင်လုပ်အား"** ထပ်မံထည့်သွင်းကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)"** ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကို ဆိုလိုပါသည်။ ဥပမာ -**"စိုက်ပျိုးရေး"** ကဏ္ဍ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင်ရပ်တည်နိုင်မှု**"မြင့်"** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခု လုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

**လေ့လာတွေ့ရှိချက်။** ဒုံကနိကျေးရွာတွင် ရာဘာခြံလုပ်ငန်း အဓိကထား လုပ်ကိုင်သူများပြားပြီး ကိုယ်ပိုင်ခြံတွင် လုပ်ကိုင်သူ နည်းပါးကြောင်းတွေ့ပါသည်။ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ အနည်းငယ်သာ ရှိပါသည်။ ပညာရေးဝန်ထမ်း (၁)ဦး ကျန်းမာရေးဝန်ထမ်း(၁)ဦးသာ ရှိပါသည်။ စိုက်ပျိုးရေး အဓိကထားလုပ်ကိုင်ကြပြီး အခြားအသက်မွေးဝမ်းကျောင်းနည်းပညာ တတ်မြောက် ကျွမ်းကျင်မှု မရှိသဖြင့် အလုပ်အကိုင်အခွင့်အလမ်း နည်းပါးခြင်းကြောင့် ပြင်ပနိုင်ငံတွင် သွားရောက် အလုပ်လုပ်ကိုင်သူ များပြားကြောင်း တွေ့ရပါသည်။

### (ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး(ရော်ဘာခြံ) | နေ့စား | ၅၀၀၀ | ၅၀၀၀ | ၂၅၀၀ | ၂၅၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | - | - | - | - |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း) | နေ့စား | - | - | - | - |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ | နေ့စား | - | - | - | - |

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| | ထုတ်လုပ်ခြင်း | | | | | |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | - | - | - | - |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | - | - | - | - |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | - | - | - | - |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | ၅၀၀၀ | ၅၀၀၀ | ၃၀၀၀ | ၃၀၀၀ |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | နေ့စား | - | - | - | - |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း | နေ့စား | ၄,၀၀၀ | ၃၀၀၀ | ၃၀၀၀ | ၂၀၀၀ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

**မှတ်ချက်** (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

**လေ့လာတွေ့ရှိချက်။** လုပ်ငန်းများတွင် ဝင်ငွေခြားနားရခြင်းမှာ လုပ်ငန်းကျွမ်းကျင်မှုအပေါ် မူတည်ပြီး ကျား/မဝင်ငွေ ကွာခြားရခြင်းမှာလည်း လုပ်အားစိုက်ထုတ်နိုင်မှုအပေါ်တွင် မူတည်ပါသည်။ ရာဘာစိုက်ပျိုးရေးခြံ လုပ်သားများ၏ လုပ်အားခအား အပင်အရေအတွက်ဖြင့် သတ်မှတ်ခြင်းကြောင့် အမျိုးသားများသည် အမျိုးသမီးများထက်ပိုမို အပင်အရေအတွက်များစွာ အလုပ်လုပ်နိုင်သောကြောင့် ဝင်ငွေကွာခြားရခြင်း ဖြစ်ပါသည်။

## (ဂ) သဘာဝရင်းမြစ်များ

### (ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး(မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| လယ်မြေ | - | ကောင်း ☐ သင့်☐ ညံ့ ☐ |
| ယာမြေ / တောင်ယာမြေ | - | ကောင်း ☐ သင့်☐ ညံ့ ☐ |
| ဥယျာဉ်ခြံမြေ | ၈၅.၅ | ကောင်း ☑ သင့်☐ ညံ့ ☐ |
| ကိုင်း/ကျွန်းမြေ | - | ကောင်း ☐ သင့်☐ ညံ့ ☐ |
| ဓနိတောမြေ | - | ကောင်း ☐ သင့်☐ ညံ့ ☐ |

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး(မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| စားကျက်မြေ | - | ကောင်း ☐ သင့်☐ ညံ့ ☐ |
| မြေလွတ် မြေလပ် | - | ကောင်း ☐ သင့်☐ ညံ့ ☐ |
| **စုစုပေါင်း** | - | ☒ |

ရင်းမြစ် ...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**မှတ်ချက်။** ။မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွှတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

**လေ့လာတွေ့ရှိချက်။** ။ ဒုံကနိကျေးရွာတွင်ရာဘာခြံ (ဥ ယျာဉ်ခြံမြေ)(၈၅.၅)ဧက သာရှိပြီး မြေဆီလွှာအရည်အသွေး ကောင်းမွန်ပါသည်။

## (ဂ-၂) ခ၁တ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

| အမျိုးအစား | ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။) | များ☐ သင့်☐ နည်း☐ မရှိ☑ | လွယ်☐ ခက်☐ အသုံးမပြုနိုင်ပါ ☐ |
| ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ | များ☐ သင့်☐ နည်း☐ မရှိ☑ | လွယ်☐ ခက်☐ အသုံးမပြုနိုင်ပါ ☐ |
| သဘာဝ အပင်မျိုးစိတ်များ (နွှားစာ၊ဆေးဘက်ဝင်အပင်များ) | များ☐ သင့်☑ နည်း☐ မရှိ☐ | လွယ်☐ ခက်☑ အသုံးမပြုနိုင်ပါ ☐ |
| သဘာဝ တိရစ္ဆာန်မျိုးစိတ်များ | များ☐ သင့်☑ နည်း☐ မရှိ☐ | ☒ |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။

**လေ့လာတွေ့ရှိချက်။** ကျောက်၊သဲနှင့်ကျောက်စရစ်များသည် ကျေးရွာအတွင်း မရှိသော်လည်း သံဖြူဇရပ်မြို့နယ်တွင် အလွယ်တကူ ဝယ်ယူရနိုင်ပါသည်။ ရာဘာစိုက်ပျိုးရေးခြံတွင် သဘာဝဆေးဖက်ဝင် အပင်မျိုးစိတ် (ဥပမာ-ဗီဇရွက်) အသင့်အတင့်ရှိပါသည်။ ကျေးရွာတွင် ပင်လယ်မြစ်ဝရှိသောကြောင့် သဘာဝရေနေ သတ္တဝါမျိုးစိတ်များလည်းရှိပါသည်။

## (ဃ) ဥတုရာသီခနေအဆင့်အခြေအနေ

ဇယား (၆) ဥတုရာသီခနေအဆင့် အခြေအနေ

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | **အဆင်ပြေသော အိမ်ထောင်စု** | **အလယ်အလတ်ရှိသောအိမ်ထောင်စု** | **မပြေလည်သော အိမ်ထောင်စု** | **အလွန်မပြေလည်သောအိမ်ထောင်စု** |
| မြေယာပိုင်ဆိုင်မှု | ၅ ကေ | ၅ ကေအောက် | ၅ ကေအောက် | အလွန်နည်း |
| အိမ်အခြေအနေ | အလွန်ကောင်း | အသင့်အတင့် ကောင်း | ညံ့ | အလွန်ညံ့ |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | မရှိ |
| အဓိကစီးပွားရေး လုပ်ငန်း | ရာဘာခြံ | ရာဘာခြံ | ရာဘာခြံ | ကျဘမ်း |
| **အိမ်ထောင်စု** | **၂** | **၁၄** | **၁၇** | **၂၇** |

ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

**လေ့လာတွေ့ရှိချက်။** ။ဒုံကနိကျေးရွာတွင် အဆင်ပြေသော အိမ်ထောင်စု အနည်းငယ်ရှိပြီး ကိုယ်ပိုင်စိုက်ပျိုးရေး (ရာဘာ) လုပ်ငန်းများ လုပ်ကိုင်ကြသည်။ မပြေလည်သော အိမ်ထောင်စု များသာ ရာဘာအငှားခြစ်သည့် လုပ်ငန်းလုပ်ကိုင်ကြသည်။ အလွန်မပြေလည်သော အိမ်ထောင်စု များသည် ရာသီအလိုက် ကြုံရာကျပန်း လုပ်ငန်း လုပ်ကိုင်ကြသည်။

## (င) ထိခိုက်လွယ်မှု

### (င-၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်) |
|---|---|---|
| ၃ လအောက် ဝမ်းစာဖူလုံမှု | | အခြားအစာပြောင်းလဲစား= ____________<br>အစာလျှော့စား = ____________<br>အထောက်အပံ့ယူ = ____________<br>ချေးယူ = ____________<br>လုပ်အားခကြိုယူ = ____________ |
| ၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု | | အခြားအစာပြောင်းလဲစား= ____________<br>အစာလျှော့စား = ____________<br>အထောက်အပံ့ယူ = ____________<br>ချေးယူ = ____________<br>လုပ်အားခကြိုယူ = ____________ |
| ၆လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု | | အခြားအစာပြောင်းလဲစား= ____________<br>အစာလျှော့စား = ____________<br>အထောက်အပံ့ယူ = _____၁______<br>ချေးယူ = _____၄၃_____<br>လုပ်အားခကြိုယူ = ____ ၂၅_____ |

ရင်းမြစ်..ဥစ္စာနေအဆင့် “၃” နှင့် “၄” အိမ်ထောင်စုပေါင်း၏ ၃ဝ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

**လေ့လာတွေ့ရှိချက်။။** ဒုံကနိကျေးရွာတွင် နွေရာသီသာ ရာဘာခြစ်သည့် လုပ်ငန်း လုပ်ကိုင်ရသောကြောင့် မိုးရာသီတွင် စားဝတ်နေရေး ကျန်းမာရေးကိစ္စများအား ချေးယူခြင်း၊ ဆွေမျိုးများထံမှ အထောက်အပံ့ယူခြင်း နှင့် အလုပ်ရှင် (ခြံရှင်) များထံမှ လုပ်အားခ ကြိုတင်ယူခြင်းဖြင့် ဖြေရှင်းကြရသည်ကို တွေ့ရှိရပါသည်။

## (င-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက် | - | - | - |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ် | - | - | - |
| | **အိမ်ထောင်စု အရေအတွက်** | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု | - | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု | - | | |
| အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု | - | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ဒုံကနိကျေးရွာတွင် ကူညီစောင့်ရှောက်မှု အထူးလိုအပ်သည့် ဆင်းရဲသည့် အိမ်ထောင်စုများ မရှိသော်လည်း အများစုသည် ဆွေမျိုးတော်စပ်ကြသောကြောင့် အရေးပေါ်ကိစ္စရပ်များတွင် တစ်ဦးနှင့်တစ်ဦး ဝိုင်းဝန်းကူညီကြပါသည်။

## (င-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား | **ထိခိုက်လွယ်မှု** (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်) |
|---|---|---|
| ၁ | စားနပ်ရိက္ခာ မဖူလုံမှု | မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐ |
| ၂ | သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ) | မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐ |
| ၃ | ရေကြီးခြင်း | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| ၄ | မိုးခေါင်ခြင်း | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| ၅ | အအေးလွန်ကဲခြင်း | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| ၆ | မုန်တိုင်း | မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐ |
| ၇ | ငလျင် | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| ၈ | မီးဘေး | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| ၉ | ဆားငန်ရေဝင်မြေ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| ၁၁ | သစ်တောပြုန်းတီးခြင်း | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| ၁၂ | ငှက်ဖျားရောဂါ | မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐ |

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၁၃ | တီဘီရောဂါ | မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐ |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| ၁၆ | တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐ |
| ၁၇ | လူကုန်ကူးခြင်း | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည် | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ဒုံကနိကျေးရွာတွင် စားနပ်ရိက္ခာ မဖူလုံခြင်း ၊ မိုးခေါင်ခြင်း၊ ရေကြီးခြင်း စသည့် အခြေအနေများ ဖြစ်ပေါ်ခြင်း မရှိပါ။နွေရာသီတွင် ရေရှားပါးပါသည်။ ရာဘာစိုက်ပျိုးရေး ခြံအနီးနားတွင် နေထိုင်သောကြောင့် မီးဘေးအန္တရာယ် အနည်းငယ်စိုးရိမ်ရပါသည်။ ကျေးရွာသူ ကျေးရွာသားများအားလုံး အတူတကွ စည်းစည်းလုံးလုံးနေထိုင်လျှက်ရှိပြီး ပြည်တွင်းပဋိပက္ခများ မရှိပါ။ ကျေးရွာတွင် လူကုန်ကူမှုများ ဖြစ်ပွားလေ့မရှိပါ။ မြို့နှင့် သွားလာရသော လမ်းပန်း ဆက်သွယ်ရေးမှာလည်း အလွန်အဆင်ပြေ ကောင်းမွန်လျက်ရှိသည်ကို လေ့လာတွေ့ရှိရပါသည်။

### (င-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၁ | လူငယ် | မြင့် ☐လတ် ☐နိမ့်☐မရှိ☑ |
| ၂ | အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု | မြင့် ☐လတ် ☐နိမ့်☑မရှိ ☐ |
| ၃ | မြေယာမဲ့၊ ဆင်းရဲသားတောင်သူ | မြင့် ☐လတ် ☐နိမ့်☑မရှိ ☐ |
| ၄ | သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |
| ၅ | မြစ်ကမ်းဘေး နေထိုင်သူများ | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |
| ၆ | မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP) | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |
| ၈ | မြေနိမ့်ပိုင်း နေထိုင်သူများ | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |
| ၉ | ငါးကန်ပိုင်ရှင်များ | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |
| ၁၀ | လက်လုပ်လက်စားများ၊ ကျပန်းများ | မြင့် ☐လတ် ☑နိမ့်☐မရှိ ☐ |
| ၁၁ | လူနည်းစုလူမျိုးများ | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |
| ၁၂ | ဒေသတွင်းပဋိပက္ခ ဇရိယာတွင် နေထိုင်သူများ | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |
| ၁၃ | နယ်စပ်ဒေသတွင် နေထိုင်သူများ | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |
| ၁၄ | ရွှေတွင်းလုပ်သားများ | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၁၅ | ဆေးစွဲသူများ | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |
| ၁၆ | ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |
| ၁၇ | လှည့်လည်သွားလာ၍ ဈေးရောင်းသူများ | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |
| ၁၈ | နေရပ်ပြန် အခြေချသူများ | မြင့် ☐လတ် ☐နိမ့်☑မရှိ ☐ |
| ၁၉ | ရွှေ့ပြောင်းလုပ်သားများ | မြင့် ☑လတ် ☐နိမ့်☐မရှိ ☐ |
| ၂၀ | ကားမောင်းပြီး အသက်မွေးသူများ | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ဒုံကနိကျေးရွာတွင် အမျိုးသမီးဦးဆောင်ကည့် ဆင်းရဲသည့် အိမ်ထောင်စုနှင့် လက်လုပ်လက်စားကျပန်းလုပ်ကိုင်သည့် အိမ်ထောင်စု အနည်းငယ်ရှိသဖြင့် ၄င်းအိမ်ထောင်စုများသည် သဘာဝဘေးနှင့် စားနပ်ရိက္ခာမဖူလုံသည့် အခြေအနေကြုံတွေ့ပါက အခြားအိမ်ထောင်စုများထက်ပို၍ ထိခိုက်ခံစားလွယ်နိုင်ပါသည်။ ရွှေ့ပြောင်းလုပ်သားများမှ မိမိ နေရပ်တွင် အသက်မွေးဝမ်းကျောင်း လုပ်ကိုင်ရန်အတွက် အခွင့်အလမ်းနည်းပါးခြင်း၊ အသက်မွေးမှု နည်းပညာအားနည်းခြင်းတို့ကြောင့် ရွှေ့ပြောင်းသွားလာနေထိုင်သည့် အိမ်ထောင်စုများရခြင်း ဖြစ်ပါသည်။ ၄င်းတို့သည်အခြားဘေးအန္တရာယ်ကြုံတွေ့ပါက ထိခိုက်သက်ရောက်မှုနည်းပါးပါသည်။

**(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ**

**(က)ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ**

**(က–၁) ကျေးရွာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ**

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်းအမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အဖွဲ့ဝင်ဦးရေ ကျား | မ | ပေါင်း | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။) | စွမ်းဆောင်နိုင်မှု(မှန်ရာ တစ်ခု ကိုသာ ရွေးရန်) |
|---|---|---|---|---|---|---|---|
| ၁ | လူငယ်ပရဟိတ အဖွဲ့ | ၁☐ ၂☑ ၃☐ | ၂၀ | ၁၃ | ၃၃ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☑<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑<br>လုံခြုံရေးနှင့် ကာကွယ်ရေး☑ | ကောင်း ☐<br>သင့် ☑<br>ညံ့ ☐ |
| ၂ | နာရေးကူညီမှုအဖွဲ့ | ၁☐ ၂☐ ၃☑ | ၁၀ | ၁၂ | ၂၂ | ပညာရေး☐ငွေကြေး☑<br>ကျန်းမာရေး☐ဘာသာရေး☑<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑<br>လုံခြုံရေးနှင့် ကာကွယ်ရေး☐ | ကောင်း ☑<br>သင့် ☐<br>ညံ့ ☐ |
| ၃ | အမျိုးသမီးအဖွဲ့ | ၁☐ ၂☐ ၃☐ | - | ၃ | ၃ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐ | ကောင်း ☐သင့် ☑ |

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။) | စွမ်းဆောင်နိုင်မှု(မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
| | | | | | | သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑<br>လုံခြုံရေးနှင့် ကာကွယ်ရေး☐ | ညံ့ ☐ |
| ၄ | ကျောင်းအကျိုးတော်ဆောင်အဖွဲ့ | ၁☐ ၂☑ ၃☐ | ၄ | ၅ | ၉ | ပညာရေး☑ငွေကြေး☑<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး☐ | ကောင်း<br>☑သင့်<br>☐<br>ညံ့ ☐ |
| ၅ | ကျောင်း ဂေါပကအဖွဲ့ | ၁☐ ၂☐ ၃☑ | ၁၂ | ၁၄ | ၂၆ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☑စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး☐ | ကောင်း ☑<br>သင့် ☐<br>ညံ့ ☐ |
| ၆ | ရပ်မိရပ်ဖ အဖွဲ့ | ၁☐ ၂☑ ၃☐ | ၃ | - | ၃ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☑စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး☐ | ကောင်း ☑<br>သင့် ☐<br>ညံ့ ☐ |
| ၇ | အုပ်ချုပ်ရေး အဖွဲ့ | ၁☐ ၂☐ ၃☑ | ၇ | - | ၇ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☑စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး☐ | ကောင်း ☑<br>သင့် ☐<br>ညံ့ ☐ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

**အုပ်စုအမျိုးအစား**

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ – ဥပမာ – အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

